ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ

သတင်းလွှာ (၁၄ / ၂၀၂၃ )

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်

အကြောင်းအရာ။ မြဝတီလမ်းပိုင်းအချို့ပျက်စီးမှုအား ပြန်လည်ပြင်ဆင်နေဆဲ ကာလအတွင်း တင်ပို့၊ တင်သွင်းမှုအား နယ်စပ်စခန်း/ပင်လယ်ရေကြောင်းမှ ပြောင်းလဲဆောင်ရွက်ခွင့် ပြုခြင်းကိစ္စ အသိပေးကြေညာခြင်း

၁။ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၇ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် မြန်မာ-ထိုင်း ကုန်သွယ်မှုလမ်းကြောင်းရှိ မြဝတီလမ်းပိုင်းအချို့ ပျက်စီးမှုအား ပြန်လည်ပြင်ဆင်ရန် ဆောင်ရွက် လျက်ရှိပါသည်။ ၎င်းကာလအတွင်း ကုန်သွယ်မှုလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် မြဝတီနယ်စပ်မှ တင်ပို့၊ တင်သွင်းရန် လိုင်စင်ခွင့်ပြုထုတ်ပေးပြီးသော ကုန်ပစ္စည်းများအား ပင်လယ် ရေကြောင်းနှင့် မြန်မာ-ထိုင်း နယ်စပ်ရှိ အခြားကုန်သွယ်ရေးစခန်းတို့မှ ပြောင်းလဲခွင့်ပြုသွားမည်ဖြစ် ကြောင်း ကုန်သွယ်ရေးဦးစီးဌာနက ၂၀၂၃ ခုနှစ် ဩဂုတ် ၉ ရက်နေ့တွင် လုပ်ငန်းရှင်များသို့ အသိပေး ကြေညာထားပါသည်။

၂။ ပြောင်းလဲခွင့်ပြုရာတွင် လုပ်ငန်းများ စနစ်တကျရှိစေရေးအတွက် ပူးတွဲပါ လုပ်ငန်းစဉ် (SOP) နှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ အဆိုပါလုပ်ငန်းစဉ်အရ ပို့ကုန်၊ သွင်းကုန်လိုင်စင် ပြင်ဆင်ပိတ်သိမ်းခြင်း၊ လိုင်စင်အသစ် လျှောက်ထားခြင်းများအတွက် ပေးသွင်းရမည့် သတ်မှတ်အခကြေးငွေများအား ကင်းလွတ်ခွင့်ပြုသွား မည်ဖြစ်ပါသည်။

၄။ အထက်ပါအတိုင်း ဆောင်ရွက်ခွင့်ပြုခြင်းသည် မြဝတီလမ်းပိုင်း ပြင်ဆင်နေဆဲကာလ အတွင်းသာ အကျုံးဝင်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန

ပူးတွဲ

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

**မြဝတီနယ်စပ်မှ တင်ပို့၊ တင်သွင်းရန် လိုင်စင်ခွင့်ပြုချက်ရရှိပြီးသော ပစ္စည်းများအား မြန်မာ-ထိုင်း နယ်စပ်ရှိ အခြားကုန်သွယ်ရေးစခန်းတစ်ခုခုသို့ ပြောင်းလဲ တင်ပို့၊ တင်သွင်းခွင့်ပြုခြင်း၊ ပင်လယ်ရေကြောင်းမှ ပြောင်းလဲတင်ပို့၊ တင်သွင်းခွင့်ပြုခြင်းတို့အတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်**

၁။ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၇ ရက်တွင် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့်ဖြစ်ပေါ်ခဲ့သည့် မြန်မာ-ထိုင်း ကုန်သွယ်မှုလမ်းကြောင်းရှိ မြဝတီလမ်းပိုင်းအချို့ပျက်စီးမှုအားပြန်လည်ပြင်ဆင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းကာလအတွင်းကုန်သွယ်မှုလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် မြဝတီ နယ်စပ်မှ တင်ပို့တင်သွင်းရန် လိုင်စင်ခွင့်ပြုထုတ်ပေးပြီးသော ကုန်ပစ္စည်းများအား ပင်လယ်ရေကြောင်းနှင့် မြန်မာ-ထိုင်း နယ်စပ်ရှိ အခြားကုန်သွယ်ရေးစခန်းတို့မှ ပြောင်းလဲခွင့်ပြုသွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ဩဂုတ် ၉ ရက် ရက်စွဲဖြင့် လုပ်ငန်းရှင်များသို့ အသိပေးကြေညာထားပြီးဖြစ်ပါသည်။

၂။ အဆိုပါ ကြေညာချက်အရ မြဝတီနယ်စပ်မှ တင်ပို့၊ တင်သွင်းရန် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၉ ရက်အထိ ခွင့်ပြုထုတ်ပေးထားပြီး လိုင်စင်သက်တမ်းကျန်ရှိသော ပို့ကုန်၊ သွင်းကုန်လိုင်စင်များအား မြန်မာ-ထိုင်း နယ်စပ်ရှိ အခြားကုန်သွယ်ရေးစခန်းတစ်ခုခုနှင့် ပင်လယ်ရေကြောင်းတို့မှ ပြောင်းလဲတင်ပို့၊ တင်သွင်းခွင့်ပြုမည်ဖြစ်ပါမည်။

၃။ ထိုသို့ဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေးအတွက် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၅ ရက်တွင် ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြဝတီနယ်စပ်ကုန်သည်အသင်းတို့ ဆွေးနွေးညှိနှိုင်းချက်အရ အောက်ပါလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သွားပါမည်-

**(က) မြန်မာ-ထိုင်း နယ်စပ်စခန်း ပြောင်းလဲ တင်ပို့၊ တင်သွင်းခွင့်ပြုခြင်း**

(၁) မြဝတီနယ်စပ်မှ တင်ပို့၊ တင်သွင်းရန် ပို့ကုန်၊ သွင်းကုန်လိုင်စင်ခွင့်ပြုပြီးသော ပစ္စည်းများအား မြန်မာ-ထိုင်းနယ်စပ်ရှိ တင်ပို့၊ တင်သွင်းလိုသည့် အခြားကုန်သွယ်ရေးစခန်း တစ်ခုခုသို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါမည်။

(၂) မြဝတီနယ်စပ်စခန်းမှ တင်သွင်းရန် ကျန်ရှိနေသော မူလလိုင်စင်၏ လက်ကျန်ပမာဏအား လိုင်စင်လျှောက်ထားသူမှ ကုန်သွယ်ရေးဦးစီးဌာန၏ Tradenet 2.0 တွင် Actual Amend (အမှန်တင်ပြင်ဆင် ပိတ်သိမ်း) လျှောက်ထားရပါမည်။

(၃) အကောက်ခွန်ဦးစီးဌာန၏ ပို့ကုန်၊ သွင်းကုန်ကြေညာလွှာ (ED/ID) ထုတ်ယူမှု မှတ်တမ်းအရ အကောက်ခွန်ဦးစီးဌာနမှ စိစစ်ထောက်ခံထားသည့် လက်ကျန်စာရင်းအပေါ်တွင် ခွင့်ပြုပါမည်။

(၄) အမှန်တင်ပြင်ဆင်ပိတ်သိမ်းပြီးသည့်လိုင်စင်အတွက် ကုန်သွယ်ရေးဦးစီးဌာနမှ အဆိုပါ လက်ကျန်ပမာဏများအား "Invalid" ဆောင်ရွက်ရပါမည်။

(၅) တင်သွင်း တင်ပို့သူအနေဖြင့် ပြောင်းလဲဆောင်ရွက်မည့် အခြားကုန်သွယ်ရေးစခန်းတစ်ခုခုတွင် လုပ်ငန်းဆောင်ရွက်မည့်ပမာဏအား ကုန်သွယ်ရေးဦးစီးဌာန၏ Tradenet 2.0 တွင် လိုင်စင်အသစ်ထပ်မံလျှောက်ထားခြင်း၊ ပြောင်းလဲဆောင်ရွက်မည့် သက်ဆိုင်ရာနယ်စပ်စခန်းတွင် အကောက်ခွန် ED/ID ကြေညာလွှာဖွင့်လှစ်၍ အကောက်ခွန်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရပါမည်။

(၆) ကော့သောင်းနယ်စပ်မှတစ်ဆင့် တင်ပို့မည်ဆိုပါက ရန်ကုန်မှ ကော့သောင်းသို့ ကုန်ပစ္စည်းတင်ဆောင်ရာတွင် ရန်ကုန်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး လက်အောက်ရှိ ကမ်းရိုးတန်း စက်လှေဆိပ်ကမ်းများဖြစ်သော ချောင်းဝ၊ သာကေတ(ရှုခင်းသာ) စသည့် စက်လှေဆိပ်ကမ်းများမှ ကမ်းရိုးတန်းသယ်ဆောင်ခွင့် လုပ်ငန်းစဉ်ဖြင့် စိစစ်ခွင့်ပြုပြီး ကော့သောင်းတွင် ED ဖွင့်လှစ်ကာ တင်ပို့ခွင့်ဆောင်ရွက်ရပါမည်။

(၇) နယ်စပ်စခန်းပြောင်းလဲလျှောက်ထားခြင်းအတွက် မူလလိုင်စင်ခွင့်ပြုပြီးသည့် ကုန်ပစ္စည်းအမျိုးအစားအားလုံးအား ဆောင်ရွက်ခွင့်ပြုပါမည်။

**(ခ) ပင်လယ်ရေကြောင်းမှ ပြောင်းလဲ တင်ပို့၊ တင်သွင်းခွင့်ပြုခြင်း**

**(၁) ပို့ကုန်**

(ကက) မြဝတီနယ်စပ်မှတင်ပို့ရန် ပို့ကုန်လိုင်စင်ခွင့်ပြုချက်ရရှိပြီးသော ပစ္စည်းများအား ပင်လယ် ရေကြောင်းမှ ပြောင်းလဲတင်ပို့ခွင့်ပြုပါမည်။

(ခခ ) မြဝတီနယ်စပ်စခန်းမှ တင်ပို့ရန်ကျန်ရှိနေသော မူလလိုင်စင်၏ လက်ကျန်ပမာဏအား လိုင်စင်လျှောက်ထားသူမှ ကုန်သွယ်ရေးဦးစီးဌာန၏ Tradenet 2.0 တွင် Actual Amend (အမှန်တင်ပြင်ဆင်ပိတ်သိမ်း) လျှောက်ထားခြင်း၊ ပင်လယ်ရေကြောင်းမှ ပြောင်းလဲတင်ပို့ရန်အတွက် ပို့ကုန်လိုင်စင်အသစ် လျှောက်ထားခြင်းတို့ ဆောင်ရွက်ရပါမည်။

(ဂဂ ) ပင်လယ်ရေကြောင်းမှ ပြောင်းလဲတင်ပို့ခွင့်ပြုရာ၌ အကောက်ခွန်ဦးစီးဌာန၏ ပို့ကုန်ကြေညာလွှာ (ED) ထုတ်ယူမှု မှတ်တမ်းအရ အကောက်ခွန်ဦးစီးဌာနမှ စိစစ်ထောက်ခံထားသည့် လက်ကျန်စာရင်းအပေါ်တွင် ခွင့်ပြုပါမည်။

## (၂) သွင်းကုန်

(ကက) မြဝတီနယ်စပ်မှ တင်သွင်းရန် သွင်းကုန်လိုင်စင်ရရှိပြီးသော ပစ္စည်းများအနက် ပြည်တွင်းသုံးစွဲရန်မရှိမဖြစ်လိုအပ်သည့် စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးများ၊ ဆေးဝါးပစ္စည်းများ၊ စက်ရုံသုံးကုန်ကြမ်းပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ပင်လယ်ရေကြောင်းမှ ပြောင်းလဲတင်သွင်းခွင့်ပြုပါမည်။

(ခခ ) ပင်လယ်ရေကြောင်းမှ ပြောင်းလဲတင်သွင်းခွင့်ပြုရာ၌ အကောက်ခွန်ဦးစီးဌာန၏ သွင်းကုန်ကြေညာလွှာ (ID) ထုတ်ယူမှု မှတ်တမ်းအရ အကောက်ခွန်ဦးစီးဌာနမှ စိစစ်ထောက်ခံထားသည့် လက်ကျန်စာရင်းအပေါ်တွင် ခွင့်ပြုပါမည်။

(ဂဂ ) မြဝတီနယ်စပ်စခန်းမှ တင်သွင်းရန်ကျန်ရှိနေသော မူလလိုင်စင်၏ လက်ကျန်ပမာဏအား လိုင်စင်လျှောက်ထားသူမှ ကုန်သွယ်ရေးဦးစီးဌာန၏ Tradenet 2.0 တွင် Actual Amend (အမှန်တင်ပြင်ဆင်ပိတ်သိမ်း) လျှောက်ထားခြင်း၊ ပင်လယ်ရေကြောင်းမှပြောင်းလဲတင်သွင်းရန်အတွက် သွင်းကုန်လိုင်စင်အသစ် လျှောက်ထားခြင်းတို့ ဆောင်ရွက်ရပါမည်။

(ဃဃ) အမှန်တင်ပြင်ဆင်ပိတ်သိမ်းပြီးသည့် လိုင်စင်အတွက် ကုန်သွယ်ရေးဦးစီးဌာနမှ အဆိုပါ လက်ကျန်ပမာဏများအား "Invalid" ဆောင်ရွက်ရပါမည်။

(ငင ) ပင်လယ်ရေကြောင်း(ထိုင်းနိုင်ငံ)မှ ပြောင်းလဲတင်သွင်းခွင့် လျှောက်ထားမှုများအတွက် ကိစ္စရပ်တစ်ခုချင်း အပေါ်မူတည်၍ စိစစ်ခွင့်ပြုပါမည်။

**( ဂ ) သီလဝါအထူးစီးပွားရေးဇုန်မှ ပြောင်းလဲ တင်ပို့ တင်သွင်းခြင်း**

(၁) သီလဝါအထူးစီးပွားရေးဇုန်မှ မြဝတီနယ်စပ်မှတစ်ဆင့် တင်ပို့ တင်သွင်းခွင့်ပြုထားသည့် ကုန်ပစ္စည်းများအား ပြောင်းလဲတင်ပို့တင်သွင်းခွင့်လျှောက်ထားခြင်းအတွက် အကောက်ခွန်ဦးစီးဌာန၏ မူလ ED/ID လက်ကျန်ပမာဏများအား "Invalid" ဆောင်ရွက်ရပါမည်။

(၂) ခွင့်ပြုချက်အသစ်လျှောက်ထားခြင်းအတွက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်း၊ အကောက်ခွန်ဦးစီးဌာနတွင် ED/ID အသစ်ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ရပါမည်။

**(ဃ) အထွေထွေ**

(၁) အထက်ဖော်ပြပါလုပ်ငန်းစဉ်များအရဆောင်ရွက်သည့် ပို့ကုန်၊ သွင်းကုန်လိုင်စင်ပြင်ဆင်ပိတ်သိမ်းခြင်း၊ လိုင်စင်အသစ်လျှောက်ထားခြင်းများအတွက် Tradenet 2.0 စနစ်တွင် ပေးသွင်းရသည့် ဆောင်ရွက်မှုအခကြေးငွေများအတွက် အောက်ပါအတိုင်း ကင်းလွတ်ခွင့်ပြုပါမည်-

(ကက) လိုင်စင်ပြင်ဆင်ကြေး - ၅၀၀၀ ကျပ် (ကင်းလွတ်ခွင့်ပြုပါမည်။) (ကုန်သွယ်ရေးဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာဌာနခွဲမှစနစ်တွင် ကိစ္စရပ်တစ်ခုချင်းအလိုက် စိစစ်ဆောင်ရွက်ရန်)

( ခခ ) လိုင်စင်အပ်နှံကြေး - ၅၀၀၀ ကျပ် (ကင်းလွတ်ခွင့်ပြုပါမည်။) (ကုန်သွယ်ရေးဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာဌာနခွဲမှစနစ်တွင် ကိစ္စရပ်တစ်ခုချင်းအလိုက် စိစစ်ဆောင်ရွက်ရန်)

( ဂဂ ) သွင်းကုန်လိုင်စင်ကြေး - ၃၀၀၀၀ ကျပ်မှ ၉၀၀၀၀ ကျပ်အထိ (ကင်းလွတ်

ခွင့်ပြုပါမည်။) (ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲမှ စနစ်တွင် ကိစ္စရပ်တစ်ခုချင်းအလိုက်စိစစ် ဆောင်ရွက်ရန်)

(၂) အထက်ပါသတ်မှတ်ချက်များအရ လုပ်ငန်းဆောင်ရွက်ခြင်းအား မြဝတီလမ်းပိုင်း ပြင်ဆင်နေဆဲကာလအတွင်းသာ ခွင့်ပြုမည်ဖြစ်ပြီး၊ မူလအတိုင်း လုပ်ငန်းဆောင်ရွက်ခွင့်ပြုမည်ဆိုပါက လုပ်ငန်းရှင်များသို့ ထပ်မံအသိပေးအကြောင်းကြားပါမည်။

ကုန်သွယ်ရေးဦးစီးဌာန